# မြန်မာနိုင်ငံ EITI ဒုတိယအကြိမ် (၂၀၁၄ - ၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်) နှင့် တတိယအကြိမ် (၂၀၁၅ - ၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်) အစီရင်ခံစာများဆိုင်ရာ အချက်အလက်များ (အကျဉ်းချုပ်)

## လုပ်ငန်းနယ်ပယ်လွှမ်းခြုံမှု (Scope)

၁။ မြန်မာနိုင်ငံ၏ ဒုတိယ နှင့် တတိယအကြိမ် EITI အစီရင်ခံစာတို့တွင် ၂၀၁၄-၂၀၁၅ ခုနှစ်နှင့် ၂၀၁၅-၂၀၁၆ ခုနှစ်တို့ကိုလွှမ်းခြုံသော ရေနံနှင့် သဘာဝဓာတ်ငွေ့၊ ကျောက်မျက်နှင့် ကျောက်စိမ်းနှင့် ကျောက်မျက်နှင့် သတ္တု (အခြားသတ္တုများနှင့် ပုလဲ) ကဏ္ဍတို့မှ အခွန်ဘဏ္ဍာဝင်ငွေများပါဝင်သည်။

၂။ ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်တွင် သယံဇာတတူးဖော်ထုတ်လုပ်ခြင်းမှရရှိသည့် အခွန်ဘဏ္ဍာငွေများအနက်မှ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်ထုတ်လုပ်သည့် ကဏ္ဍအတွက် အခွန် ဘဏ္ဍာငွေ (၁၀၀) ရာခိုင်နှုန်း ကိုယ်စားပြုသော ကုမ္ပဏီ (၃၆) ခုနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ပိုက်လိုင်းကုမ္ပဏီ (၄) ခု၊ ကျောက်မျက်ကဏ္ဍအတွက် အခွန်ဘဏ္ဍာငွေ (၅၇) ရာခိုင်နှုန်းကို ကိုယ်စားပြုသော ကျောက်မျက်ရတနာကုမ္ပဏီ (၇၂) ခုနှင့် သတ္တုကဏ္ဍအတွက် အခွန်ဘဏ္ဍာငွေ (၇၂) ရာခိုင်နှုန်းကို ကိုယ်စားပြုသော ကုမ္ပဏီ (၂၉) ခုတို့ ပါဝင်သည်။

၃။ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်တွင် အခွန်ဘဏ္ဍာငွေ (၁၀၀) ရာခိုင်နှုန်းကို ကိုယ်စားပြုသော ရေနံနှင့် သဘာဝဓာတ်ငွေ့ စမ်းသပ်တူးဖော်ခြင်းနှင့် ထုတ်လုပ်သည့်အဆင့်ရှိ ကုမ္ပဏီ (၃၆) ခုနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ပိုက်လိုင်းကုမ္ပဏီ (၄) ခု၊ ကျောက်မျက်ကဏ္ဍအတွက် အခွန်ဘဏ္ဍာငွေ (၃၂) ရာခိုင်နှုန်းကို ကိုယ်စားပြုသော ကျောက်မျက်ရတနာကုမ္ပဏီ (၅၁) ခုနှင့် သတ္တုကဏ္ဍအတွက် အခွန် ဘဏ္ဍာငွေ (၄၀) ရာခိုင်နှုန်းကို ကိုယ်စားပြုသော ကုမ္ပဏီ (၂၈) ခုတို့ ပါဝင်သည်။

၄။ ထို့ပြင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာနနှင့် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး ဌာနလက်အောက်ရှိ သတ္တုတွင်းဦးစီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ အမှတ် (၁) သတ္တုတွင်းလုပ်ငန်း၊ အမှတ် (၂) သတ္တုတွင်းလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်း ဝယ်ရေးလုပ်ငန်း၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် သစ်တောဦးစီးဌာန နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ငွေတိုက်ဦးစီးဌာန၊ ပြည် တွင်း အခွန်များဦးစီးဌာနနှင့် အကောက်ခွန်ဦးစီးဌာနတို့ ပါဝင်သည်။

## ဒုတိယအကြိမ် အစီရင်ခံစာ (၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်) ပါ အဓိကတွေ့ရှိချက်များ

### ၅။ ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍ

(က) ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်တွင် တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ခြင်းကဏ္ဍမှ အစီရင်ခံစာပါလုပ်ငန်းအမျိုးအစားများနှင့်သက်ဆိုင်သော အခွန်အခ ရငွေအားလုံး၏ (၈၅) ရာခိုင်နှုန်းကို ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍမှ ကောက်ခံရရှိခဲ့သည်။ အစိုးရအနေဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီများ (ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်း ကုမ္ပဏီများအပါအဝင်) ထံမှ မြန်မာကျပ်သန်းပေါင်း ၂,၈၈၂,၂၀၆ ကို ကောက်ခံရရှိခဲ့သည်။

(ခ) ကမ်းလွန်လုပ်ကွက်များမှ နိုင်ငံတော်၏ထုတ်လုပ်မှုဝေစုအချိုးအတွက်ရောင်းချရာမှ ရရှိသောဝင်ငွေသည် ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ကဏ္ဍ ဘဏ္ဍာငွေအားလုံး၏ (၅၉) ရာခိုင်နှုန်းရှိပြီး အစိုးရသို့ဝင်ငွေအများဆုံး ထည့်ဝင်မှုဖြစ်သည်။

(ဂ) မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) မှ အစီရင်ခံသော ကိန်းဂဏန်းများ အရ ၂၀၁၄ ခုနှစ်၊ ဧပြီလမှ ၂၀၁၅ ခုနှစ်၊ မတ်လအတွင်း ကမ်းလွန်လုပ်ကွက်များမှ လေဆီ (Condensate) စည်ပေါင်း ၂,၈၆၉,၈၇၀ နှင့် သဘာဝဓာတ်ငွေ့ ကုဗပေ သန်းပေါင်း ၆၅၁,၅၈၄ (MMscf) ကိုထုတ်လုပ်နိုင်ခဲ့ပြီး ကုန်းတွင်းလုပ်ကွက်များမှ ရေနံစည်ပေါင်း ၁,၇၄၄,၃၁၇ နှင့် သဘာဝဓာတ်ငွေ့ ကုဗပေသန်းပေါင်း ၆၄၅ (MMscf) ထုတ်လုပ်နိုင်ခဲ့သည်။

(ဃ) ရေနံနှင့်သဘာဝဓာတ်ငွေ့ကို တင်ပို့ရောင်းချခဲ့သော တန်ဖိုးပမာဏမှာ ရေနံအတွက် မြန်မာငွေကျပ်သန်းပေါင်း ၁၀၀,၅၂၁ (အမေရိကန်ဒေါ်လာ ၁၀၀ သန်း) နှင့် သဘာဝဓာတ်ငွေ့အတွက် မြန်မာငွေကျပ်သန်းပေါင်း ၄,၇၉၈,၇၁၁ (အမေရိကန်ဒေါ်လာ ၄,၈၂၁ သန်း) ဖြစ်သည်။

### ၆။ ကျောက်မျက်နှင့် ကျောက်စိမ်းကဏ္ဍ

(က) ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်တွင် သယံဇာတ တူးဖော်ထုတ်လုပ်ခြင်းကဏ္ဍမှ အစီရင်ခံစာပါ လုပ်ငန်းအမျိုးအစားများနှင့်သက်ဆိုင်သော အခွန်အခရငွေအားလုံး၏ (၁၁) ရာခိုင်နှုန်းကို ကျောက်မျက်နှင့် ကျောက်စိမ်းကဏ္ဍမှ ကောက်ခံရရှိခဲ့သည်။

အစိုးရအနေဖြင့် ကျောက်မျက်နှင့် ကျောက်စိမ်းကဏ္ဍမှ မြန်မာကျပ်သန်းပေါင်း ၃၈၇,၀၂၉ ကို ကောက်ခံရရှိခဲ့သည်။

(ခ) ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်အစီရင်ခံစာတွင် ကျောက်မျက်နှင့် ကျောက်စိမ်း ကုမ္ပဏီ (၇၂) ခုအား စာရင်းတိုက်ဆိုင်စစ်ဆေးခဲ့ရာ မြန်မာနိုင်ငံ၏ ကျောက်မျက်နှင့် ကျောက်စိမ်းကဏ္ဍမှ ရရှိသောအခွန်ဘဏ္ဍာငွေအားလုံး၏ (၅၇) ရာခိုင်နှုန်းကို လွှမ်းခြုံကြောင်း တွေ့ရှိရသည်။ အဆိုပါကုမ္ပဏီများသည် အစီရင်ခံသည့်ကာလတွင် အစိုးရသို့ အခွန်ငွေအနည်းဆုံး မြန်မာကျပ်သန်းပေါင်း ၇၅၀ နှင့်အထက် ပေးဆောင်ထားသော ကုမ္ပဏီများ ဖြစ်ကြသည်။

(ဂ) ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ကျောက်မျက် ၁၁,၀၃၉,၇၈၆ ကာရက် (၈.၈ တန်) နှင့် ကျောက်စိမ်း ၁၆,၈၉၂ တန် ထုတ်လုပ်ခဲ့သည်။ ယင်းဘဏ္ဍာနှစ်အတွင်း ကျင်းပသော ကျောက်မျက်ရတနာပြပွဲ (၂) ခုတွင် ကျောက်မျက်အလေးချိန် ၁,၆၆၇,၄၁၆ ကာရက် (၄၃၃.၂ ကီလိုဂရမ်) နှင့် ကျောက်စိမ်း ၉,၅၇၅ တန်တို့ကို ရောင်းချခဲ့ပြီး တန်ဖိုးပမာဏမှာ မြန်မာကျပ်ငွေသန်းပေါင်း ၁,၁၃၇,၂၃၁ (အမေရိကန်ဒေါ်လာသန်းပေါင်း ၁,၁၄၂.၆၅) ရရှိခဲ့သည်။

(ဃ) မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (MGE) အနေဖြင့် အကျိုးတူ ကျောက်မျက်၊ ကျောက်စိမ်းလုပ်ငန်းများမှရရှိသောအရောင်းဝင်ငွေအချိုးအရ မြန်မာကျပ်ငွေသန်းပေါင်း ၁၁၅,၂၂၉ သန်းကို ကောက်ခံရရှိခဲ့ပြီး ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ကျောက်မျက်၊ ကျောက်စိမ်းကဏ္ဍဘဏ္ဍာငွေစုစုပေါင်း၏ (၂၉.၇) ရာခိုင်နှုန်းအား ကိုယ်စားပြုသည်ကို တွေ့ရှိရသည်။ ကုမ္ပဏီများထံမှ ပစ္စည်း (In-kind) နှင့်ပေးချေမှုဖြင့် ရရှိထားသောပမာဏမှာ ကျောက်စိမ်း ၃၁,၇၂၈ ကီလိုဂရမ်ရှိပြီး ယင်းတို့ကို ရောင်းချခြင်းမရှိဘဲ ပြတိုက် (Museum) တွင်သာ ထားရှိသည့်အတွက် ပစ္စည်းရောင်းချခြင်းမှ ဝင်ငွေမရရှိကြောင်း တွေ့ရှိရသည်။

၇။ သတ္တုကဏ္ဍ

(က) ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်တွင် သယံဇာတတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍမှ အစီရင်ခံစာပါလုပ်ငန်းအမျိုးအစားများနှင့်သက်ဆိုင်သောအခွန်အခရငွေအားလုံး၏ (၄) ရာခိုင်နှုန်းကို သတ္တုကဏ္ဍမှ ကောက်ခံရရှိခဲ့သည်။ အစိုးရအနေဖြင့် သတ္တုကဏ္ဍထံမှ မြန်မာကျပ်သန်းပေါင်း ၁၂၄,၈၄၈ ကို ကောက်ခံရရှိခဲ့သည်။

(ခ) ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်အစီရင်ခံစာတွင် သတ္တုကဏ္ဍမှ ကုမ္ပဏီပေါင်း (၂၉) ခုအား စာရင်းတိုက်ဆိုင်စစ်ဆေးခဲ့ပြီး မြန်မာနိုင်ငံ၏ သတ္တုကဏ္ဍမှရရှိသော အခွန်ဘဏ္ဍာငွေအားလုံး၏ (၇၂) ရာခိုင်နှုန်းကိုလွှမ်းခြုံကြောင်းတွေ့ရှိရသည်။ အဆိုပါကုမ္ပဏီများသည် ယင်းအစီရင်ခံသည့်ကာလတွင် အစိုးရသို့ အခွန်ငွေအနည်းဆုံး မြန်မာကျပ်သန်းပေါင်း ၂၅၀ နှင့်အထက်ပေးဆောင်ထားသောကုမ္ပဏီများ ဖြစ်ကြသည်။

(ဂ) စာရင်းတိုက်ဆိုင်စစ်ဆေးရာတွင်ပါဝင်သော အခွန်စီးဆင်းမှုများမှာ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနမှကောက်ခံရရှိထားသည့် ဝင်ငွေခွန် (Income Tax)၊ ကုန်သွယ်ခွန် (Commercial Tax)၊ သွင်းကုန်များအပေါ်ကုန်သွယ်ခွန် (Commercial Tax on Imports)၊ အကောက်ခွန် (Customs Duties)၊ တံဆိပ်ခေါင်းခွန် (Stamp Duties)၊ ပင်ရင်းမှနုတ်ယူပေးသွင်းငွေ (Withholding Tax) နှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ကောက်ခံရရှိထားသော ဓါတ်သတ္တုခွန် (Royalties)၊ လက်မှတ်ထိုးဆုကြေးငွေ (Signature Bonus)၊ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားမှု (Production Split)၊ မြေငှားရမ်းခ (Dead Rent Fees)၊ လိုင်စင်ကြေး (Licence Fees)၊ Environmental/Plantation Fees နှင့် တိုင်းနှင့်ပြည်နယ် လူမှုရေး ဖွံ့ဖြိုးမှုရံပုံငွေ (CSR) သို့ ထည့်ဝင်မှုတို့ပါဝင်သည်။

(ဃ) အခြားဓါတ်သတ္တုများ ထုတ်လုပ်မှုတန်ဖိုးမှာ မြန်မာကျပ်ငွေသန်းပေါင်း ၄၇၈,၂၉၃ ရှိပြီး၊ တင်ပို့ရောင်းချခဲ့ခြင်းအားဖြင့် မြန်မာကျပ်ငွေသန်းပေါင်း ၁၉၃,၅၉၉ ရရှိခဲ့သည်။ အခြားသတ္တုကဏ္ဍရှိ နိုင်ငံပိုင်လုပ်ငန်းများမှ ဖြည့်သွင်းသောအစီရင်ခံစာအရ အစိုးရ၏ ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားမှုအရ ပစ္စည်း (In-kind) ဖြင့်ရရှိသော သတ္တုများကို ရောင်းချရာတွင် ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာကျပ်ငွေသန်းပေါင်း ၅၇,၆၇၆ ရရှိခဲ့ပြီး ယင်းသည် အခြားသတ္တုကဏ္ဍမှရရှိသော ဘဏ္ဍာငွေစုစုပေါင်း၏ (၄၆.၂) ရာခိုင်နှုန်းကိုကိုယ်စားပြုကြောင်း တွေ့ရှိရသည်။

## တတိယအကြိမ် အစီရင်ခံစာ (၂၀၁၅-၂၀၁၆ခု၊ ဘဏ္ဍာရေးနှစ်) ပါ အဓိကတွေ့ရှိချက်များ

၈။ ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍ

(က) ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်တွင် သယံဇာတတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍမှ အစီရင်ခံစာပါ လုပ်ငန်းအမျိုးအစားများနှင့်သက်ဆိုင်သော အခွန်အခရငွေအားလုံး၏ (၇၆) ရာခိုင်နှုန်းကို ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍမှကောက်ခံရရှိခဲ့သည်။ အစိုးရအနေဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီများ (ရေနံနှင့် သဘာဝဓါတ်ငွေ့ပိုက်လိုင်း

ကုမ္ပဏီများအပါအဝင်) ထံမှ မြန်မာကျပ်သန်းပေါင်း ၂,၅၇၉,၉၁၇ ကို ကောက်ခံရရှိခဲ့သည်။

(ခ) ကမ်းလွန်လုပ်ကွက်များမှ နိုင်ငံတော်၏ထုတ်လုပ်မှုဝေစုအချိုးအတွက် ရောင်းချရာမှရရှိသော ဝင်ငွေသည် ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ ဘဏ္ဍာငွေအားလုံး၏ (၅၂) ရာခိုင်နှုန်းရှိပြီး အစိုးရသို့ ဝင်ငွေအများဆုံး ထည့်ဝင်မှုဖြစ်သည်။

(ဂ) မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) မှ အစီရင်ခံသော ကိန်းဂဏန်းများအရ ၂၀၁၅ ခုနှစ်၊ ဧပြီလမှ ၂၀၁၆ ခုနှစ်၊ မတ်လအတွင်း ကမ်းလွန်လုပ်ကွက်များမှ လေဆီ (Condensate) စည်ပေါင်း ၂,၀၀၃,၄၁၉ နှင့် သဘာဝဓာတ်ငွေ့ ကုဗပေ သန်းပေါင်း ၆၇၆,၉၅၄ (MMscf) ကိုထုတ်လုပ်နိုင်ခဲ့ပြီး ကုန်းတွင်းလုပ်ကွက်များမှ ရေနံစည်ပေါင်း ၁,၅၀၆,၃၄၅ နှင့် သဘာဝဓာတ်ငွေ့ ကုဗပေသန်းပေါင်း ၇၁၃ (MMscf) ထုတ်လုပ်နိုင်ခဲ့သည်ကို တွေ့ရှိရသည်။

(ဃ) ရေနံနှင့်သဘာဝဓါတ်ငွေ့ကို တင်ပို့ရောင်းချခဲ့သော တန်ဖိုးပမာဏမှာ ရေနံအတွက် မြန်မာငွေကျပ်သန်းပေါင်း ၆၀,၉၄၈ (အမေရိကန်ဒေါ်လာ ၄၉.၈ သန်း) နှင့် သဘာဝဓာတ်ငွေ့အတွက် မြန်မာငွေကျပ်သန်းပေါင်း ၄,၆၃၃,၂၉၀ (အမေရိကန်ဒေါ်လာ ၃,၇၈၆.၇ သန်း) ဖြစ်သည်။

(၉) ကျောက်မျက်နှင့် ကျောက်စိမ်းကဏ္ဍ

(က) ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်တွင် တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ခြင်း ကဏ္ဍမှ အစီရင်ခံစာပါ လုပ်ငန်းအမျိုးအစားများနှင့်သက်ဆိုင်သော အခွန်အခရငွေအားလုံး၏ (၂၁) ရာခိုင်နှုန်းကို ကျောက်မျက်နှင့် ကျောက်စိမ်းကဏ္ဍမှ ကောက်ခံရရှိခဲ့သည်။ အစိုးရအနေဖြင့် ကျောက်မျက်နှင့် ကျောက်စိမ်းကဏ္ဍမှ မြန်မာကျပ်သန်းပေါင်း ၇၀၇,၈၀၈ ကို ကောက်ခံရရှိခဲ့သည်။

(ခ) ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်အစီရင်ခံစာတွင် ကျောက်မျက်နှင့် ကျောက်စိမ်းကုမ္ပဏီ (၅၁) ခုအား စာရင်းတိုက်ဆိုင်စစ်ဆေးခဲ့ရာ မြန်မာနိုင်ငံ၏ ကျောက်မျက်နှင့် ကျောက်စိမ်းကဏ္ဍမှ ရရှိသောအခွန်ဘဏ္ဍာငွေအားလုံး၏ (၃၂) ရာခိုင်နှုန်းကို လွှမ်းခြုံကြောင်း တွေ့ရှိရသည်။ အဆိုပါကုမ္ပဏီများသည် အစီရင်ခံသည့်ကာလတွင်

No.13 (A), Mya Yadanar Street, 16 Ward, Baukhtaw,
Yankin Township.Yangon 11081
Tel.: +95 1 401 178, Mobile: +95 9 400 888 123
E-mail: info@myanmareiti.org
www.myanmareiti.org

Fiscal Policy, Strategy and EITI Division,
Budget Department,
Office No. (26), Naypyidaw
Tel.: +95 67 410 533
E-mail: meitioffice.mopf@myanmareiti.org

အစိုးရသို့ အခွန်ငွေအနည်းဆုံး မြန်မာကျပ်သန်းပေါင်း ၁၀၀၀ နှင့်အထက်ပေးဆောင် ခဲ့သော ကုမ္ပဏီများဖြစ်ကြသည်။

(ဂ) ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ကျောက်မျက် ၁၃,၄၈၃,၃၈၃ ကာရက် (၂၃.၆ တန်) နှင့် ကျောက်စိမ်း ၃၆,၀၅၉ တန်ထုတ်လုပ်ခဲ့သည်။ ယင်းဘဏ္ဍာနှစ်အတွင်း ကျင်းပခဲ့သော ကျောက်မျက်ရတနာပြပွဲ (၂) ခုတွင် ကျောက်မျက်အလေးချိန် ၁,၉၀၃,၄၃၇ ကာရက် (၄၂၀.၇၁ ကီလိုဂရမ်) နှင့် ကျောက်စိမ်း ၆,၅၇၃ တန်ကို ရောင်းချခဲ့ပြီး တန်ဖိုးပမာဏမှာ မြန်မာကျပ်ငွေသန်းပေါင်း ၈၄၄,၀၅၉ (အမေရိကန် ဒေါ်လာသန်းပေါင်း ၈၄၈.၀၈) ရရှိခဲ့သည်။

(ဃ) မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (MGE) အနေဖြင့် အကျိုးတူ ကျောက်မျက်နှင့် ကျောက်စိမ်းလုပ်ငန်းများမှရရှိသော အရောင်းဝင်ငွေအချိုးအရ မြန်မာကျပ်ငွေသန်းပေါင်း ၇၄,၉၁၉ သန်းကို ကောက်ခံရရှိခဲ့ပြီး ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ကျောက်မျက်နှင့် ကျောက်စိမ်းကဏ္ဍဘဏ္ဍာငွေစုစုပေါင်း၏ (၁၀.၆) ရာခိုင်နှုန်းအား ကိုယ်စားပြုသည်ကို တွေ့ရှိရသည်။ ကုမ္ပဏီများထံမှ ပစ္စည်း (In-kind) နှင့်ပေးချေမှုဖြင့် ရရှိထားသောပမာဏမှာ ကျောက်စိမ်း ၄,၉၀၃ ကီလိုဂရမ်ရှိပြီး ယင်းတို့ကို ရောင်းချခြင်းမရှိဘဲ ပြတိုက် (Museum) တွင်သာ ထားရှိသည့် အတွက် ပစ္စည်းရောင်းချခြင်းမှ ဝင်ငွေမရရှိကြောင်း တွေ့ရှိရသည်။

၁၀။ သတ္တုကဏ္ဍ

(က) ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်တွင် သယံဇာတတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍမှ အစီရင်ခံစာပါ လုပ်ငန်းအမျိုးအစားများနှင့်သက်ဆိုင်သောအခွန်အခရငွေအားလုံး၏ (၃) ရာခိုင်နှုန်းကို သတ္တုကဏ္ဍမှ ကောက်ခံရရှိခဲ့သည်။ အစိုးရအနေဖြင့် သတ္တုကဏ္ဍမှ မြန်မာကျပ်သန်းပေါင်း ၉၈,၅၈၃ ကို ကောက်ခံရရှိခဲ့သည်။

(ခ) ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်အစီရင်ခံစာတွင် သတ္တုကဏ္ဍမှ ကုမ္ပဏီပေါင်း (၂၈) ခု အား စာရင်းတိုက်ဆိုင်စစ်ဆေးခဲ့ပြီး မြန်မာနိုင်ငံ၏ သတ္တုကဏ္ဍမှရရှိသော အခွန် ဘဏ္ဍာငွေအားလုံး၏ (၄၀) ရာခိုင်နှုန်းကိုလွှမ်းခြုံကြောင်းတွေ့ရှိရသည်။ အဆိုပါ ကုမ္ပဏီများသည် ယင်းအစီရင်ခံသည့်ကာလတွင် အစိုးရသို့ အခွန်ငွေအနည်းဆုံး မြန်မာကျပ်သန်းပေါင်း ၂၅၀ နှင့်အထက်ပေးဆောင်ထားသည့် ကုမ္ပဏီများ ဖြစ်ကြသည်။

(ဂ) အခြားခာတ်သတ္တုများ ထုတ်လုပ်မှုတန်ဖိုးမှာ မြန်မာကျပ်ငွေသန်းပေါင်း ၄၁၇,၁၇၅ ရှိပြီး တင်ပို့ရောင်းချခြင်းဖြင့် မြန်မာကျပ်ငွေသန်းပေါင်း ၁၂,၉၂၃ ရရှိခဲ့သည်။ အခြား သတ္တုကဏ္ဍရှိ နိုင်ငံပိုင်လုပ်ငန်းများမှ ဖြည့်သွင်းသောအစီရင်ခံစာအရ အစိုးရ၏ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားမှုအရ ပစ္စည်း (In-kind) ဖြင့်ရရှိသော သတ္တုကို ရောင်းချ ရာတွင် ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာကျပ်ငွေသန်းပေါင်း ၃၅,၇၆၈ ရရှိပြီး ယင်းသည် အခြားသတ္တုကဏ္ဍမှရရှိသော ဘဏ္ဍာငွေစုစုပေါင်း၏ (၃၆.၃) ရာခိုင်နှုန်းကို ကိုယ်စားပြုကြောင်း တွေ့ရှိရသည်။

၁၁။ ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်တွင် တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်သောကုမ္ပဏီများမှ ပေးသွင်းသည့်အခွန်အခများနှင့် အစိုးရအေဂျင်စီများလက်ခံရရှိသော အခွန်အခများ၏ အသားတင်ကွာဟချက်မှာ (၂.၈) ရာခိုင်နှုန်း ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်တွင် အသားတင်ကွာဟချက်မှာ (၁.၈၈) ရာခိုင်နှုန်း ဖြစ်သည်။

၁၂။ အစီရင်ခံစာများတွင် အောက်ပါအကြံပြုတိုက်တွန်းချက်များ ပါဝင်သည် -

(က) သယံဇာတတူးဖော်ထုတ်လုပ်ခြင်းမှရရှိသောအခွန်အား စီမံအုပ်ချုပ်ခြင်း (၄) ချက်

(ခ) ကျောက်မျက်နှင့် ကျောက်စိမ်းကဏ္ဍ စီမံခန့်ခွဲမှု (၂) ချက်

(ဂ) EITI လုပ်ငန်းစဉ် အကောင်အထည်ဖော်ခြင်း (၁၅) ချက်

၁၃။ အစီရင်ခံစာ အပြည့်အစုံအား www.myanmareiti.org တွင် ဖတ်ရှုနိုင်သည်။